ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

စာအမှတ်၊ PPD / PQ / ၂၀၂၅ ( ၀၃၇ )
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်

အကြောင်းအရာ။ **တရုတ်နိုင်ငံသို့ ပဲပုပ် (Soybean : *Glucine max* (L.) Merr) တင်ပို့မည့် ကုမ္ပဏီများ အား GACC တွင် မှတ်ပုံတင်နိုင်ရေး အကြောင်းကြားခြင်း**

၁။ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မည့် ကုမ္ပဏီများအား မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နှစ်နိုင်ငံ ချုပ်ဆိုထားသော အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်အရ Sanitary and Phytosanitary (SPS) Protocol သတ်မှတ် စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ပုံမှန် စိစစ်မှတ်ပုံ တင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လျှောက်ထားလိုသည့် ကုမ္ပဏီများအနေဖြင့် လျှောက်လွှာများအား (၂၈-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ **သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနများတွင်** ရယူ အဆိုပြု တင်ပြလျှောက်ထားနိုင်ကြောင်း ပူးတွဲပါ "လျှောက်လွှာပုံစံ" အား လုပ်ငန်းရှင်များသို့ ဖြန့်ဝေပေး နိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(သူရစိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဥက္ကဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)
(ညီနောင် အသင်းများ၊ အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
ဥက္ကဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း (အသင်းဝင်များသို့ ထပ်ဆင့် ဖြန့်ဝေပေးပါရန်)

မိတ္တူကို
တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ

## တရုတ်နိုင်ငံသို့ ပဲပုပ် တင်ပို့မည့် ကုမ္ပဏီများအား စိတ်ဝင်စားမှု (Expression of Interest – EOI) အဆိုပြုလွှာ လျှောက်ထားရန် ဖိတ်ခေါ်ခြင်း

၁။ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မည့် ကုမ္ပဏီများအား မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နှစ်နိုင်ငံ ချုပ်ဆိုထားသော အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်အရ Sanitary and Phytosanitary (SPS) Protocol သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ပုံမှန် စိစစ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ လျှောက်ထားလိုသည့်ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှု အဆိုပြုလွှာများအား (၂၈-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးရုံးတွင် လျှောက်လွှာများရယူပြီး တင်ပြလျှောက်ထားနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

### လျှောက်လွှာရယူရန်နှင့်ဆက်သွယ်ရန်လိပ်စာ

စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ
ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း
အင်းစိန်၊ ရန်ကုန်
Ph- 01-644214, 09794399321

တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး (ရုံး)
စိုက်ပျိုးရေးဦးစီးဌာန

လျှောက်လွှာများအား www.doa.gov.mm, ppd.doa.gov.mm နှင့် www.umfcci.com.mm တွင် (Download) ဒေါင်းလုပ်ရယူပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများတွင် လျှောက်ထားနိုင်ပါသည်။

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) **(ညီနောင်အသင်းများ၊ အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)**
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ **ပြောင်း**နှင့်နှမ်းကုန်သည်များအသင်း **(**အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်**)**

## Expression of Interest (EOI) အဆိုပြု လျှောက်ထားရန်အတွက် လိုအပ်ချက် (၈)ချက်

၁။ ကုမ္ပဏီမှတ်ပုံတင်နှင့် ဖွဲ့စည်းပုံ (Certificate of Incorporation, Company Extract) (မိတ္တူ)

- ပူးတွဲပေးပို့အပ်ပါသည်။

၂။ ပို့ကုန်သွင်းကုန် မှတ်ပုံတင်လက်မှတ် (မိတ္တူ)

- ပူးတွဲပေးပို့အပ်ပါသည်။

၃။ ကုမ္ပဏီလိပ်စာ၊ ဖုန်း၊ Email (အပြည့်အစုံဖော်ပြရန်)

(မြန်မာ) (အင်္ဂလိပ်ဖြင့် ဖော်ပြရန်)

------------------------------------------------------------------------------------------------------------

၄။ ကုမ္ပဏီနှင့် ဆက်သွယ်ရမည့် တာဝန်ရှိသူ (၂) ဦး၏ အမည်/ ဖုန်း / Email

------------------------------------------------------------------------------------------------------------

၅။ လျှောက်ထားသည့် ကုမ္ပဏီ (၃) နှစ်အတွင်း ပြောင်းတင်ပို့မှု

| ဘဏ္ဍာနှစ် | တရုတ်နိုင်ငံ | အခြားနိုင်ငံ | စုစုပေါင်း |
|---|---|---|---|
| ၂၀၂၂-၂၀၂၃ (April-March) | | | |
| ၂၀၂၃-၂၀၂၄ (April–March) | | | |

၆။ ကုမ္ပဏီ၏ စိုက်ခင်းတည်နေရာ၊ စိုက်ခင်းဧရိယာနှင့် Good Agricultural Practices ဆောင်ရွက်ထားရှိမှု

(က) စိုက်ခင်းတည်နေရာလိပ်စာ (မြန်မာ၊ အင်္ဂလိပ်) (၂ ခုလုံးဖော်ပြရန်)

------------------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------------------

(က) စိုက်ခင်းဧရိယာ စုစုပေါင်း (               ) ဧက

(ခ) Good Agricultural Practices ဖြင့် ဆောင်ရွက်ထားသည့် စိုက်ဧရိယာ (               ) ဧက

၇။ ပဲပုပ် သန့်စင်စေရန်၊ အင်းဆက်ဖျက်ပိုးများနှင့် အခြားပစ္စည်းများကို ဖယ်ရှားရန်၊ တရုတ်နိုင်ငံမှ သတ်မှတ်ထားသော ထိန်းချုပ်ဖျက်ပိုးများ ကင်းရှင်းစေရန်နှင့် အခြောက်ခံသန့်စင်စက်နှင့် ပတ်သက်သည့် အချက်အလက်များ

- ပူးတွဲပေးပို့အပ်ပါသည်။

၈။ သန့်စင်ပြီး ပဲပုပ်များအတွက် သိုလှောင်ရုံနှင့် ပတ်သက်သည့် အချက်အလက်များ

- ပူးတွဲပေးပို့အပ်ပါသည်။

(ကိုယ်ပိုင်မဟုတ်ပါက ပူးပေါင်းဆောင်ရွက်သည့် သဘောတူညီချက် ပူးတွဲရန်)

## GACC မှ ခွင့်ပြုချက်ရရှိရန် လျှောက်ထားသည့် ပဲပုပ်စက်၏ အချက်အလက် (၁၃) ချက်
## (အမှတ်စဉ်-၇ ၏ ပူးတွဲတင်ပြလွှာ)

၁။ လျှောက်ထားသည့် ကုမ္ပဏီ -

၂။ ပဲပုပ်အခြောက်ခံစက်ပိုင်ရှင်အမည် -

၃။ ပဲပုပ်အခြောက်ခံစက်အမည်/အမှတ် -
(စက်မှုကြီးကြပ်လိုင်စင်)

၄။ ပဲပုပ်အခြောက်ခံစက်တည်နေရာ (မြန်မာ) -
ပဲပုပ်အခြောက်ခံစက်တည်နေရာ (အင်္ဂလိပ်)-

၅။ အတိုင်းအတာ (ပေ) -
(အလျား x အနံ x အမြင့်)

၆။ အမျိုးအစား -

၇။ ပဲပုပ်စက်စတင်တည်ထောင်သည့် ခုနှစ် -

၈။ ထုတ်လုပ်နိုင်သည့်နိုင်ငံ/ကုမ္ပဏီ -

၉။ အခြောက်ခံစက်စွမ်းအား (၂၄) နာရီ -
(တန်ကျ)

၁၀။ လွန်ခဲ့သည့် (၃)နှစ်အတွင်း ပဲပုပ်ကြိတ်ခွဲနိုင်မှု -
၂၀၂၂-၂၀၂၃ -
၂၀၂၃-၂၀၂၄ -

၁၁။ အားပေးစက်အမျိုးအစား -

၁၂။ ပဲပုပ်စက်တွင် တပ်ဆင်ထားသည့် ခေတ်မီစက်ယူနစ်များ -

၁၃။ (ပဲပုပ်စက်တည်နေရာ Google Map၊ North latitude & East Longitude နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဓာတ်ပုံပူးတွဲ တင်ပြရန်)
(ငှားရမ်းထားပါက ပူးပေါင်းဆောင်ရွက်သည့် သဘောတူညီချက် ပူးတွဲတင်ပြရန်)

လျှောက်ထားသူလက်မှတ် -
လျှောက်ထားသူ အမည် -
ဆက်သွယ်ရန်ဖုန်းနံပါတ် -

**သိုလှောင်ရုံဆိုင်ရာ အချက်အလက် (၁၀) ချက်**

**(အမှတ်စဉ်-၈ ၏ ပူးတွဲတင်ပြလွှာ)**

အခြောက်ခံသန့်စင်ပြီး ပဲပုပ်များအား စနစ်တကျသိုလှောင်မည့် သိုလှောင်ရုံများနှင့်ပတ်သက်၍ အချက်အလက်များ (သိုလှောင်ရုံတစ်ခုထက်ပိုပါက အမှတ်စဉ်တပ်ဖော်ပြရန်၊ Transit အတွက် ဖြစ်ပါက Transit သိုလှောင်ရုံဟု ဖော်ပြရန်)

သိုလှောင်ရုံ ( ) ၏ အချက်အလက်များ

(၁) လျှောက်ထားသည့် ကုမ္ပဏီအမည် -

(၂) ကိုယ်ပိုင်/အငှား -

(၃) ပိုင်ရှင်အမည် -

(၄) သိုလှောင်ရုံ တည်နေရာလိပ်စာ (မြန်မာ/အင်္ဂလိပ်ဖြင့် ပြည့်စုံစွာဖော်ပြရန်)

---------------------------------------------------------------------------

---------------------------------------------------------------------------

---------------------------------------------------------------------------

(၅) သိုလှောင်ရုံ အတိုင်းအတာ (လ x န x မ) -

(၆) သိုလှောင်ရုံ အမျိုးအစား (အခင်း၊ အကာ၊ အမိုး) -

(၇) သိုလှောင်ရုံတည်ထောင်သည့် ခုနှစ် -

(၈) သိုလှောင်နိုင်သည့် ပဲပုပ်တန်ချိန် ပမာဏ -

(၉) သိုလှောင်ရုံနှင့်ပတ်သက်၍ ဆက်သွယ်ရန် (အမည်/ဖုန်း/Email)

---------------------------------------------------------------------------

---------------------------------------------------------------------------

---------------------------------------------------------------------------

(၁၀) သိုလှောင်ရုံ၏ Google Map၊ North latitude & East Longitude နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဓာတ်ပုံပူးတွဲတင်ပြရန်။

(ငှားရမ်းထားပါက ပူးပေါင်းဆောင်ရွက်သည့် သဘောတူညီချက် ပူးတွဲတင်ပြရန်)

လျှောက်ထားသူလက်မှတ် -

လျှောက်ထားသူ အမည် -

ဆက်သွယ်ရန်ဖုန်းနံပါတ် -

**ကုမ္ပဏီ Letter Head ဖြင့်တင်ရန်**

သို့

တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး

စိုက်ပျိုးရေးဦးစီးဌာန

ရက်စွဲ ။ ၂၀၂၅ ခုနှစ် ၊ လ ( ) ရက်။

အကြောင်းအရာ။ **တရုတ်နိုင်ငံသို့ ပဲပုပ် (Soybean : *Glucine max* (L.) Merr) တင်ပို့ရောင်းချနိုင်ရေး အတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စိတ်ဝင်စားမှု အဆိုပြုလွှာ ပေးပို့တင်ပြခြင်း**

၁။ ……………………………… ကုမ္ပဏီလီမိတက်သည် တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့ ရောင်းချနိုင်ရေးအတွက် ပြည်ပတင်ပို့သည့် ကုမ္ပဏီမှတ်ပုံတင်ခြင်း (Exporter Registration) ကိစ္စတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။ ကုမ္ပဏီအနေဖြင့် ပြည်ပတင်ပို့ခြင်းကို အောက်ပါနေရာများမှ ဆောင်ရွက်ရန် စီစဉ်ထားပါသည်။

(က) နယ်စပ်ဒေသမှတင်ပို့ခြင်း ☐

(ခ) လေကြောင်းမှ တင်ပို့ခြင်း ☐

(ဂ) ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်း ☐

၂။ လိုအပ်သည့် စာရွက်စာတမ်းများကို နောက်ဆက်တွဲဖြင့် ပြည့်စုံစွာ ပူးတွဲတင်ပြအပ်ပါသည်။ တင်ပြသည့်သိုလှောင်ရုံ၊ အခြောက်ခံစက်များအား တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာန (တိုင်းဒေသကြီး/ ပြည်နယ်) ဦးစီးမှူးများမှ တာဝန်ပေးအပ်သောအဖွဲ့မှ စိစစ်စစ်ဆေးသွားမည်ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာန၏ စိစစ်ဆုံးဖြတ်ချက်၊ စည်းမျဉ်းစည်းကမ်းများအပေါ် အလေးထားလိုက်နာ ဆောင်ရွက်သွားပါမည်ဟု ဝန်ခံကတိပြုပါသည်။

၃။ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများအတိုင်း တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ……………………… ကုမ္ပဏီအား မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါရန် စိတ်ဝင်စားမှု အဆိုပြုလွှာပေးပို့ တင်ပြလျှောက်ထားအပ်ပါသည်။

ရုံးတံဆိပ်တုံး

အုပ်ချုပ်မှုဒါရိုက်တာ

………………ကုမ္ပဏီ

**ကုမ္ပဏီ Letter Head ဖြင့်တင်ရန်**

သို့

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

ရက်စွဲ ။ ၂၀၂၅ ခုနှစ် ၊ လ ( ) ရက်။

အကြောင်းအရာ။ **တရုတ်နိုင်ငံသို့ ပဲပုပ် (Soybean : *Glucine max* (L.) Merr) တင်ပို့ရောင်းချနိုင်ရေး အတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စိတ်ဝင်းစာမှု အဆိုပြုလွှာနှင့် ပတ်သက်၍ ဝန်ခံ ကတိပြုခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ------------------- ကုမ္ပဏီ--------------- သည် တရုတ်နိုင်ငံသို့ ပဲပုပ် (Soybean : *Glucine max* (L.) Merr) တင်ပို့ရောင်းချနိုင်ရေးအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စိတ်ဝင်းစာမှု အဆိုပြုလွှာနှင့် ပတ်သက်၍ ဖော်ပြထားသော အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

၂။ မမှန်ကန်သော အချက်အလက်များအား ဖော်ပြလျှောက်ထားပါက တည်ဆဲဥပဒေများဖြင့် အရေးယူခံရမည်ဖြစ်သည်ကိုလည်း သိရှိပါကြောင်း တင်ပြအပ်ပါသည်။

ရုံးတံဆိပ်တုံး

အုပ်ချုပ်မှုဒါရိုက်တာ (MD/ Director)
………..………………….ကုမ္ပဏီ

## တရုတ်နိုင်ငံသို့ ပဲပုပ် တင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ
## Standard Operating Procedure (SOP)

### စိုက်ပျိုးထုတ်လုပ်သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ ပဲပုပ် Soybean (*Glycine max*)သည် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသည့်ပဲပုပ်ဖြစ်ပြီး တရုတ်နိုင်ငံသို့ စိုက်ပျိုးရန်မဟုတ်ဘဲ ပြုပြင်ကြိတ်ခွဲရန်အတွက်သာ တင်ပို့ခြင်းဖြစ်ရမည်။

၂။ တရုတ်နိုင်ငံသို့တင်ပို့မည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကြိတ်ခွဲပြုပြင်စီမံခြင်း၊ သိုလှောင်ရုံနှင့် တင်ပို့ရောင်းချခြင်း ဆောင်ရွက်သူများ/လုပ်ငန်းကုမ္ပဏီများ မှတ်ပုံတင်ရပါမည်။

၃။ ပဲပုပ်စိုက်ပျိုးသည့် ကာလအတွင်း တရုတ်နိုင်ငံ၏ သတ်မှတ်ထိန်းချုပ်ဖျက်ပိုးများ (၁၁) မျိုး (အင်းဆက်ဖျက်ပိုး(၆)မျိုး၊ ရောဂါ(၁)မျိုးနှင့်ပေါင်းစေ့ (၄)မျိုး) စစ်တမ်းကောက်ယူခြင်းနှင့် ထိရောက်သော ဖျက်ပိုးကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ဌာနကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၄။ ဖျက်ပိုးစစ်ဆေးခြင်းများ၊ စောင့်ကြည့်စစ်ဆေးခြင်းများနှင့် နှစ်တစ်နှစ်အတွင်း စိုက်ခင်းကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၏ အစီရင်ခံစာများကို GACC သို့ တင်ပြရမည်။

၅။ တင်ပို့သည့် ပဲပုပ်ကုန်စည်စုများတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည်များ ဖြစ်ပေါ်လျှင် နောက်ကြောင်းပြန်စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် ပဲပုပ် စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများ (သို့မဟုတ်) စိုက်ပျိုးသူများသည် လုပ်ငန်းစဉ်တစ်လျှောက် ဆောင်ရွက်ချက်ဆိုင်ရာ သတင်းအချက်အလက်များကို မှတ်တမ်းထားရမည်။

၆။ ခူးဆွတ်ခြင်း၊ ကြိတ်ခွဲပြုပြင်စီမံခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနမှပြုပြင်စီမံခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများကို ပိုမိုကြီးကြပ်ဆောင်ရွက်ရမည်။

၇။ တင်ပို့မည့်ပဲပုပ်များကို နေလှန်းအခြောက်ခံခြင်း၊ အခြောက်ခံစက်ဖြင့်အခြောက်ခံခြင်းနှင့် အခြားအရောအနှောများမပါရှိစေရန် သန့်စင်ခြင်း၊ မြေကြီး၊ ပင်ကြွင်းပင်ကျန်များ၊ ပေါင်းစေ့များနှင့် အခြားအရောအနှောပစ္စည်းများ မပါရှိစေရန် ဆောင်ရွက်ပေးရမည်။

### တင်ပို့သော လုပ်ငန်းရှင်များ/ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ တင်ပို့မည့် မြန်မာ့ပဲပုပ်များသည် တရုတ်နိုင်ငံ၏ သွင်းကုန်ဆိုင်ရာ အပင်ပိုးမွှားရောဂါကင်းရှင်းရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် နှစ်နိုင်ငံသဘောတူထားသည့် Protocol ပါအချက်များနှင့် ကိုက်ညီ

ရမည်။ တရုတ်နိုင်ငံ၏ သတ်မှတ်ထိန်းချုပ်ဖျက်ပိုးများ၊ ပိုးအရှင်များ၊ မြေကြီးများ၊ ပင်ကြွင်းပင်ကျန်များ၊ ပေါင်းစေ့များနှင့် အခြားအရော အနှောပစ္စည်းများ ကင်းရှင်းရမည်။

၂။ တရုတ်နိုင်ငံသို့တင်ပို့မည့် ပဲပုပ်များကို လေလုံပိတ်ပုံစံနှင့် သယ်ယူပို့ဆောင်ရမည်။

၃။ သယ်ယူပို့ဆောင်ရေးသုံး စက်ကိရိယာများသည် တရုတ်နိုင်ငံ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

၄။ ပဲပုပ်များကို အိတ်ဖြင့်ထုတ်ပိုး သယ်ယူပို့ဆောင်ပါက ထုတ်ပိုးပစ္စည်းများသည် တရုတ်နိုင်ငံ၏ သွင်းကုန်ဆိုင်ရာ အပင်ပိုးမွှားရောဂါကင်းရှင်းရေး  သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

၅။ ထုပ်ပိုးပစ္စည်းပေါ်တွင်  ပို့ကုန်လုပ်ငန်းကုမ္ပဏီများ၏ အမည်၊ လိပ်စာ အချက်အလက်များနှင့် အတူ သိသာထင်ရှားသည့် တရုတ်နှင့်အင်္ဂလိပ်စာသားများ ဖြစ်သော "Soybean exported from Myanmar to China" ဟူ၍ ဖော်ပြချက်ပါရမည်။

၆။ တရုတ်နိုင်ငံသို့တင်ပို့မည့် ပဲပုပ်များကို သတ်မှတ်ထားသော ဝင်ပေါက်ဂိတ်များမှ တစ်ဆင့် တင်သွင်းလာရမည်။

၇။ သတ်မှတ်ထားသော ပြုပြင်စီမံခြင်း ဆောင်ရွက်ခြင်းမရှိပါက ဈေးကွက်သို့  ဝင်ရောက်ဖြန့်ဖြူး ခြင်းမပြုရပါ။

၈။ ပဲပုပ်ကုန်စည်စုသည် တရုတ်နိုင်ငံ၏ဝင်ပေါက်များသို့ ရောက်ရှိစစ်ဆေးရာတွင် အောက်ဖော်ပြပါအချက်များတွေ့ရှိပါက ကုန်စည်စုကို ပြန်လည်တင်ပို့မည် (သို့မဟုတ်) ဖျက်ဆီးခြင်းခံရမည်။

(က) Phytosanitary Certificate မရှိပါခြင်း

(ခ) မှတ်ပုံတင်ခွင့်ပြုထားသော လုပ်ငန်းဆောင်ရွက်သူ/ ကုမ္ပဏီများမှ တင်ပို့မှုမဟုတ်ဘဲ အခြားသူများမှ တင်ပို့ခြင်း

(ဂ) ခွင့်ပြုခြင်းမရှိသော GMO (Genetically Modified Organism)များတွေ့ရှိခြင်း

၉။ တရုတ်နိုင်ငံဘက်တွင် စစ်ဆေးစဉ် သတ်မှတ်ထိန်းချုပ်ဖျက်ပိုးတစ်မျိုးမျိုး စစ်ဆေးတွေ့ရှိပါက ထိရောက်သောဆေးစီရင်ခြင်းပြုလုပ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက တင်သွင်းခွင့်ပြုမည်။ ထိရောက်သောဆေးစီရင်ခြင်း မရှိပါက ပြန်လည်ပို့ဆောင်ခြင်း(သို့မဟုတ်) ဖျက်ဆီးခြင်းခံရမည်။

**စစ်ဆေးသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၁။ ပဲပုပ်စိုက်ပျိုးသည့်ကာလအတွင်း သတ်မှတ်ထိန်းချုပ်ဖျက်ပိုးများ စစ်တမ်းကောက်ယူခြင်းနှင့် ထိရောက်သော ဖျက်ပိုးကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ကြီးကြပ်စစ်ဆေးရမည်။

၂။ ပြုပြင်စီမံခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ပိုမိုကြီးကြပ်စစ်ဆေးရမည်။

၃။ တင်ပို့မည့်ကုန်စည်စုတွင် တရုတ်နိုင်ငံ၏ သတ်မှတ်ထိန်းချုပ်ဖျက်ပိုးများ ၊ အင်းဆက်အရှင်များ၊ မြေကြီးနှင့် ပင်ကြွင်းပင်ကျန်များ၊ အရောအနှောပစ္စည်းများ၊ အမှိုက်များကင်းရှင်းမှု စစ်ဆေးရမည်။

၄။ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းမတင်ပို့မီ ပဲပုပ်အတွက် အပင်ပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေး အစီအမံ ဆောင်ရွက်ချက်ကို စစ်ဆေးရမည်။

၅။ ပဲပုပ်ထုတ်ပိုးပစ္စည်းများသည် တရုတ်နိုင်ငံ၏ သွင်းကုန်ဆိုင်ရာ အပင်ပိုးမွှားရောဂါကင်းရှင်းရေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးရမည်။

၆။ ထုပ်ပိုးပစ္စည်းပေါ်တွင် ပို့ကုန်လုပ်ငန်းကုမ္ပဏီများ၏ အမည်၊ လိပ်စာနှင့်"Soybean exported from Myanmar to China" ဟူ၍ ဖော်ပြချက် ပါရှိမှု ရှိ/မရှိ စစ်ဆေးရမည်။

၇။ မှတ်ပုံတင်ခွင့်ပြုထားသော လုပ်ငန်းဆောင်ရွက်သူ/ ကုမ္ပဏီများမှတင်ပို့မှု ဟုတ်/မဟုတ် စစ်ဆေးရမည်။

၈။ မတင်ပို့မီ တရုတ်နိုင်ငံသို့တင်ပို့မည့် ပဲပုပ်များကို ပိုးမွှားရောဂါစစ်ဆေးခြင်း ဆောင်ရွက်ရမည်။ သတ်မှတ်ချက်များနှင့်ကိုက်ညီသော ပဲပုပ်ကုန်စည်စုတစ်ခုစီအတွက် ပိုးမွှားရောဂါကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေးရမည်။ ထပ်ဆောင်းကြေညာချက် (Additional Declaration) တွင် ‘The consignment complies with Protocol of Phytosanitary Requirements for the Export of Myanmar’s Soybean to China and is free of soil and the quarantine pests concerned by China” ဟု ဖော်ပြရမည်။ ထို့အပြင် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ပြုပြင်စီမံခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများ အမည် နှင့် GACC မှတ်ပုံတင်အမှတ်များ ထည့်သွင်းဖော်ပြရမည်။